ပင်ဝါးရုံစာပေ

mgyoe.com
SAMPLE BOOK

# ကမ္ဘာတစ်လွှား ဘာသာတရားများ

လင်းတည်ဦး




## RELIGIONS AROUND THE WORLD

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

ကမ္ဘာတစ်လွှား ဘာသာတရားများ


250602111

SAMPLE BOOK



# ကမ္ဘာတစ်လွှား
# ဘာသာတရားများ

လင်းတည်ဦး



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com

SAMPLE BOOK

ပင်ဝါးရုံစာပေ

# ကမ္ဘာတစ်လွှား ဘာသာတရားများ

လင်းတည်ဦး ပြန်ဆိုသည်



## Religions Around the World

mgyoe.com

mgyoe.com SAMPLE BOOK


ပုံနှိပ်မှတ်တမ်း

ကမ္ဘာတစ်လွှား ဘာသာတရားများ

လင်းတည်ဦး

မျက်နှာဖုံး • ဖိုးမောင်

DTP works & layout design • LTO

ထုတ်ဝေသူ • ဒေါ်အေးအေးပြုံး

ပင်ဝါးရုံစာပေ (၀၁၁၀၇)

အမှတ် ၁၂၊ ဘလောက် ၅၁၊ နဝဒေးဥယျာဉ်အိမ်ရာ

လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၀၉ ၅၀၆ ၁၄၄၅၊ ၀၉ ၅၁၉ ၀၉၄၉

ပုံနှိပ်သူ • ဦးဇော်မြင့်ဝင်း

ကာလာဇုန်ပုံနှိပ်တိုက် (၀၀၁၄၂)

အမှတ် ၁၈၄ (ဘီ)၊ ၃၁ လမ်း (အထက်)

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း • ဒုတိယအကြိမ်

ဇူလိုင်လ၊ ၂၀၂၅ ခုနှစ်

အုပ်ရေ • ၁၀၀၀

တန်ဖိုး • ၆၀၀၀ ကျပ်




mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

**ဘာသာရေး - ကောင်းကင်ဘုံစွမ်းအားရှင်အား ယုံကြည်ခြင်း**


❖ ဘုရားသခင် – လောကတစ်ခု ယုံကြည်မှုများစွာ ❖ ၈–၉

❖ သာသနာ့ဘောင် – သီးခြားနေထိုင်သောဘဝ ❖ ၁၁–၁၂


**အရှေ့အလယ်ပိုင်းရင်းမြစ် ဘာသာတရားများ**


❖ ဇိုရိုအက်စထရီးယန်းဘာသာ – သုစရိုက်နှင့် ဒုစရိုက်၊ ကောင်းမှုနှင့် မကောင်းမှုတို့၏ ထာဝရတိုက်ပွဲ ❖ ၁၄–၁၅

❖ ဂျူးဘာသာ – အစ္စရေးတို့၏ဘာသာတရား ❖ ၁၇–၁၈

❖ အာဗြဟံ – နိုင်ငံများစွာတို့၏ ဖခင်ကြီး ❖ ၂၀–၂၁

❖ မောရှေ – ယေဟောဝါ၏ တမန်တော် ❖ ၂၃–၂၄

❖ ခရစ်ယာန်ဘာသာ – ယေရှုခရစ်တော်အား ကိုးကွယ်ခြင်း ❖ ၂၆–၂၇

❖ ယေရှုခရစ်တော် – ဘုရား၏သားတော် ❖ ၂၉–၃၀

❖ မယ်တော်မာရီ – ခရစ်တော်၏ မယ်တော် ❖ ၃၂–၃၃

❖ ရိုမန်ကက်သလစ်ဘာသာ – ခရစ်ယာန်ဂိုဏ်းခွဲတစ်ခု ❖ ၃၅–၃၆

❖ သမ္မာကျမ်းစာ – ဂျူးနှင့် ခရစ်ယာန်ကျမ်းစာများ ❖ ၃၈–၃၉

❖ အစ္စလာမ်ဘာသာ – တမန်တော်မိုဟာမက်၏ ဘာသာ ❖ ၄၁–၄၂

❖ တမန်တော်မိုဟာမက် – အစ္စလာမ်ဘာသာ၏ တမန်တော် ❖ ၄၄–၄၅

❖ ကိုရန်ကျမ်း – အစ္စလာမ်ကျမ်းစာ ❖ ၄၇–၄၈

❖ ဘဟာအီ – ရိုးရှင်းသောယုံကြည်မှု ❖ ၅၀–၅၁


**တောင်အာရှဒေသ ယုံကြည်မှုများ**


❖ ဟိန္ဒူဘာသာ – တောင်အာရှ၏ ရှေးကျသောဘာသာ ❖ ၅၃–၅၄

❖ ဆွာမိဝိဝေကနန္ဒ – ဟိန္ဒူဘာသာ၏ ဆရာသခင် ❖ ၅၆–၅၇


mgyoe.com

mgyoe.com SAMPLE BOOK
❖ ဗုဒ္ဓဘာသာ – ဗုဒ္ဓ၏ ဒေသနာများ ❖ ၅၉–၆၀

❖ ဗုဒ္ဓ – ဉာဏ်အလင်းပွင့်တော်မူသူ ❖ ၆၂–၆၃

❖ ဒလိုင်းလားမား – တိဘက်၏ ကြီးမြတ်သောဆရာသခင် ❖ ၆၅–၆၆

❖ ဂျိန်းဘာသာ – အဟိံသတရားကို သင်ကြားခြင်း ❖ ၆၈–၆၉

❖ ဆစ်ခ်ဘာသာ – တောင်အာရှဘာသာ ❖ ၇၁–၇၂

**ဝိညာဉ်လောက၏ စွမ်းအား**

❖ နတ်ကိုးကွယ်မှု – ဝိညာဉ်လောက ❖ ၇၄–၇၅

❖ ဗိုဒန်ဘာသာ – မှော်အတတ်နှင့် နတ်ကိုးကွယ်မှု ဘာသာရေး ❖ ၇၇–၇၈

**အရှေ့အာရှမှ ဒေသနာများ**

❖ ကွန်ဖြူးရှပ် – မဟာပညာကျော် ဆရာတစ်ပါး ❖ ၈၀–၈၁

❖ တောက်ဘာသာ – လောက်ဇီဘာသာတရား ❖ ၈၃–၈၄


❖ ရှင်တိုဘာသာ – ဂျပန်လူမျိုးတို့၏ ဘာသာတရား ❖ ၈၆–၈၇



mgyoe.com

mgyoe.com SAMPLE BOOK

# ဘာသာရေး



● ရိုမန်ကက်သလစ်ဘာသာဝင်များသည် ခရစ်တော်၏ နောက်ဆုံးညစာ အထိမ်းအမှတ်အဖြစ် ကျင်းပသောပွဲတော်တွင် စုပေါင်းဝတ်ပြုကြသည်။ ပုံမှာ အဆိုပါပွဲကို အီတလီနိုင်ငံ၊ ရောမမြို့ စိန့်ပီတာဘုရားကျောင်းတွင် ပုပ်ဒုတိယဂျွန်ပေါလ် ဦးဆောင်ကျင်းပနေပုံဖြစ်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

# ကောင်းကင်ဘုံစွမ်းအားရှင်အား ယုံကြည်ခြင်း

ကမ္ဘာပေါ်တွင် ဘုရား၊ သို့မဟုတ် ဘုရားများကို ယုံကြည်ကိုးကွယ်သူ များစွာရှိသည်။ တချို့က 'ဘုရား'ဟူသော စကားလုံးကို မသုံးစွဲသော်လည်း ၎င်းတို့၏ဘဝတွင် သက်ရောက်မှုရှိနေသော ပိုမိုကြီးမြတ်သည့် စွမ်းအားစုများရှိနေသည်ဟု ယုံကြည်ကြသည်။ ၎င်းတို့၏ ယုံကြည်ကိုးကွယ်မှုပုံစံက 'ဘာသာရေး'ဟု ခေါ်သည့် အရာကို ဖွံ့စည်းဖြစ်ပေါ်လာစေပါသည်။


ကမ္ဘာတစ်ဝန်းတွင် ယုံကြည်ကိုးကွယ်နေကြသော မတူကွဲပြားသည့် ဘာသာတရားများ များစွာရှိသည်။ ယနေ့ခေတ် အဓိကဘာသာကြီးများထဲတွင် ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဂျူးဘာသာ၊ ဟိန္ဒူဘာသာ၊ တောက်ဘာသာ၊ ဆစ်ခ်ဘာသာနှင့် ဗုဒ္ဓဘာသာတို့ ပါဝင်နေပါသည်။ ဘာသာတရားအများစုမှာ အခြေခံကျသော မေးခွန်းများကို ဖြေဆိုရန်ကြိုးပမ်းကြသည်။ ကမ္ဘာလောကကြီး မည်သို့ဖြစ်ပေါ်လာသနည်း။ လူ့ဘဝ၏အဓိပ္ပာယ်မှာ အဘယ်နည်း။ လူသားများ အဘယ်ကြောင့် သေဆုံးရသနည်း၊ သေလွန်ပြီးနောက် ဘာဆက်ဖြစ်သနည်း။ မကောင်းမှုဒုစရိုက် အဘယ်ကြောင့်ရှိနေသနည်း။ လူသားများ မည်သို့ပြုမူနေထိုင်သင့်သနည်း ဆိုသည့် မေးခွန်းများပင် ဖြစ်သည်။

ဘာသာတရားအတော်များများမှာ ဝတ်ပြုရန်အတွက် အဆောက်အအုံများရှိကြသည်။ ထိုဘုရားကျောင်းများ၊ ဗလီများတွင် ဝတ်ပြုဆုတောင်းခြင်းများ၊ ပူဇော်ခြင်းများနှင့် အခြားသော ကိုးကွယ်မှုပုံသဏ္ဍာန်များ ရှိနေကြပါသည်။

သမိုင်းခေတ်များတွင် ဘာသာတရားတစ်ခုကို ယုံကြည်ကိုးကွယ်ကြသူများသည် ၎င်းတို့၏ဘာသာကို အခြားသူများ ယုံကြည်ကိုးကွယ်လာအောင် ဆွဲဆောင်ဖို့ကြိုးပမ်းခဲ့ကြသည်။ တစ်ခါတစ်ရံ ငြိမ်းချမ်းသောနည်းလမ်းနှင့် ဆွဲဆောင်စည်းရုံးကြသော်လည်း တစ်ခါတစ်ရံတွင်တော့ အင်အားသုံး၍ ပြုလုပ်တတ်ကြသည်။ တစ်ခါတစ်ရံ 'ဘာသာရေးစစ်ပွဲ'များပင် ဆင်နွှဲတတ်ကြပါသေးသည်။



mgyoe.com


mgyoe.com
SAMPLE-BOOK

ဥပမာ ၁၀၉၅ ခုနှင့် ၁၂၉၂ ခုနှစ်များကြားတွင် ဥရောပ ခရစ်ယာန်များသည် မွတ်စလင်များနှင့် ခရူးဆိတ်စစ်ပွဲများ ဆင်နွှဲခဲ့ကြသည်။ ခရစ်ယာန်များက ဘာသာရေးမြို့တော် ဂျေရုဆလင်နှင့်တကွ ယေရှုခရစ်တော်၏ဘဝနှင့် ပတ်သက်သည့် အခြားသောနေရာများကို ထိန်းချုပ်ရန်ကြိုးစားခဲ့ကြသည်။ မွတ်စလင်တို့ကလည်း *ဂျီဟဒ်* ခေါ် ဘာသာရေးစစ်ပွဲများ ဆင်နွှဲခဲ့ကြပြီး အရှေ့အလယ်ပိုင်းဒေသ နေရာအတော်များများ၊ ဥရောပနှင့် အာရှတိုက် အချို့အစိတ်အပိုင်းများတွင် အစ္စလာမ် ဘာသာ ပြန့်ပွားအောင် လုပ်ဆောင်ခဲ့ကြသည်။

သို့သော် ဘာသာတရားအများစုမှာ ယုံကြည်ကိုးကွယ်သူများကို အခြားဘာသာကိုးကွယ်သူများနှင့် ငြိမ်းချမ်းစွာ အတူတကွနေထိုင်ရန် တိုက်တွန်းအားပေးပါသည်။ အမှန်တော့ ဘာသာတရားများမှာ သွင်ပြင်လက္ခဏာအတော်များများတွင် ယေဘုယျအားဖြင့် တူညီကြသည်။ ယင်းအချက်များထဲတွင် ဆောင်ရွက်ရမည့် အစဉ်အလာပွဲများ၊ ရွတ်ဆိုရမည့် ဆုတောင်းဝတ်ပြုစာများ၊ သွားရောက်၊ သို့မဟုတ် ရှောင်ရှားရမည့် နေရာများ၊ ဘာသာရေးဆိုင်ရာ နေ့များ၊ ဖတ်မှတ်ရှုပွားရမည့် ကျမ်းစာများနှင့် ကိုးကွယ်လိုက်နာရမည့် ဘာသာရေးခေါင်းဆောင်များ ပါဝင်ပါသည်။

**သင်သိပါသလား**

အိန္ဒိယသည် ဘာသာတရားအတော်များများ ပေါ်ပေါက်ရာနေရာ ဖြစ်သည်။ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ဂျိန်းဘာသာနှင့် ဆစ်ခ်ဘာသာတို့မှာ အိန္ဒိယတွင်ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

# ဘုရားသခင်



● ကမ္ဘာ့ဘာသာအတော်များများတွင် ပုံပါ ဟောင်ကောင်က အမျိုးသမီးကဲ့သို့ပင် ရှိခိုးဝတ်ပြုကြသူများသည် ဘုရားအား အမွှေးတိုင်များ ထွန်းညှိပူဇော်ကြသည်။



mgyoe.com

mgyoe.com SAMPLE BOOK

# လောကတစ်ခု ယုံကြည်မှုများစွာ



● ခရစ်ယာန် ပန်းချီဆရာတစ်ယောက်၏ အဖဘုရားသခင် နတ်သား၊ နတ်သမီးများနှင့် အတူရှိနေပုံကို စိတ်ကူး ပုံဖော် ခြယ်မှုန်းထားသည့် ရောင်စုံမှန်ပြတင်း။

စကြဝဠာကြီး မည်သို့ဖြစ်ပေါ်လာသနည်း။ ကမ္ဘာမြေပေါ်တွင် အသက်ဘဝ မည်သို့စတင် ဖြစ်ပေါ်လာသနည်း။

လူသားတို့သည် နှစ်ပေါင်းထောင်နှင့်ချီ၍ အဆိုပါမေးခွန်းများကို အဖြေရှာခဲ့ကြသည်။ တချို့က ထိုခက်ခဲနက်နဲသော ပဟေဠိများကို အဖြေရှာရန် သိပ္ပံပညာကို လေ့လာကြသည်။ သို့သော် ရှေးခေတ်က သိပ္ပံပညာမှာ မြေလျှင်လှုပ်ခြင်းနှင့် မုန်တိုင်းများ၊ နေ့နှင့် ည၊ ရှင်ခြင်းနှင့် သေခြင်း စသည့် သဘာဝဖြစ်ရပ်များကို မရှင်းလင်းနိုင်ခဲ့ပါ။ ထိုဖြစ်ရပ်များသည် လူသားတို့ထက် ပိုမိုကြီးမြတ်သော၊ စွမ်းအားကြီးသော နတ်ဘုရားများ၏ လုပ်ဆောင်ချက်များဖြစ်သည်ဟု ယုံကြည်ခဲ့ကြသည်။


mgyoe.com

ယနေ့ခေတ်တွင်ပင် လူအများအပြားသည် ဘုရား၊ သို့မဟုတ် ဘုရားများကို ကိုးကွယ်ခြင်းဖြင့် ဘဝ၏အဓိပ္ပာယ်ကို သိရှိနားလည်အောင် အဖြေရှာနေကြဆဲပင် ဖြစ်သည်။ ၎င်းတို့သည် မိမိတို့၏ယုံကြည်သက်ဝင်မှုက ပိုမိုကောင်းမွန်သောဘဝကို ရရှိအောင် အထောက်အပံ့ဖြစ်စေလိမ့်မည်ဟု ခံစားမိကြသည်။

ဂျူးဘာသာ၊ ခရစ်ယာန်ဘာသာနှင့် အစ္စလာမ်ဘာသာတို့လို ဘာသာတရား တချို့က စကြဝဠာနှင့် ကမ္ဘာလောကကို ဖန်တီးပြီး ထိန်းချုပ်ထားသော ဘုရား သခင် တစ်ပါးတည်းသာ ရှိသည်ဟု သင်ကြားသည်။ ယင်းကို ဘုရားတစ်ဆူတည်း ကိုးကွယ်သောဝါဒဟု ခေါ်သည်။ တစ်ဆူတည်းမဟုတ်ဘဲ နတ်ဘုရားများကို ယုံကြည်ကိုးကွယ်သည့်ဝါဒလည်း ရှိသည်။ ရှေးခေတ် ဂရိနှင့် ရိုမန်တို့သည် နတ်ဘုရားများစွာကို ယုံကြည်ခဲ့ကြသည်။ ယနေ့ခေတ်တွင် ထိုနတ်ဘုရားများ အကြောင်းကို ရှေးခေတ်ဒဏ္ဍာရီများနှင့် ပန်းချီကားများမှ သိရှိကြရပါသည်။

ကွဲပြားခြားနားသော နေရာဒေသများ၊ ယဉ်ကျေးမှုများမှ လူများတွင် ၎င်းတို့ကိုးကွယ်ရာ ဘုရားများအတွက် အမည်နာမများ ရှိနေကြသည်။ ရှေးခေတ် ဂျူးတို့၏ဘုရားကို 'ယာဝေ'ဟု ခေါ်သည်။ မွတ်စလင်တို့က ဘုရားသခင်အား အာရေဗြစကားလုံး 'အလ္လာ'ဟု ခေါ်ဝေါ်ကြသည်။ ဟိန္ဒူတို့ကမူ များပြားလှသော နတ်ဘုရားနှင့်၊ နတ်ဘုရားမများကို ယုံကြည်ကြသည်။ နတ်ဘုရားတစ်ပါးစီတွင် ကိုယ်ရည်ကိုယ်သွေး သီးခြားစီရှိကြပြီး မတူညီသော ဘဝအသွင်အပြင်တစ်မျိုးစီကို ထိန်းချုပ်ထားသည်ဟု ယုံကြည်ကြသည်။ ထိုနတ်ဘုရားများမှာ ဘုရားတစ်ဆူ တည်း၏ ပုံသွင်များဖြစ်သည်ဟု ယုံကြည်ကြသည်။ ကိုးကွယ်မှုများသော ဟိန္ဒူ နတ်ဘုရားတစ်ပါးမှာ ဆင်ဦးခေါင်းနှင့် 'ဂနေးရှာ'ဖြစ်သည်။ ဟိန္ဒူအများအပြားမှာ လုပ်ငန်းသစ်များ စတင်တော့မည်ဆိုလျှင် ဂနေးရှာထံ ဆုတောင်းလေ့ရှိကြသည်။

**သင်သိပါသလား**


ရှေးခေတ်အီဂျစ်တို့သည် နတ်ဘုရားများကို ယုံကြည်ကြသည်သာမက ၎င်းတို့၏ကေရာဇ် ဖာရိုးဘုရင်များကိုလည်း နတ်ဘုရားအဖြစ် ယုံကြည်ခဲ့ကြသည်။



mgyoe.com

mgyoe.com SAMPLE BOOK

# သာသနာ့ဘောင်



● သာသနာ့ဘောင်တွင်နေထိုင်သော ဘဝမှာ ဘုရားသခင်အပေါ်တွင်လည်းကောင်း၊ မိမိယုံကြည်ရာဘာသာတရား၏ ပန်းတိုင်သို့ ရောက်ရှိရန်လည်းကောင်း များစွာအာရုံစိုက်ထားနိုင်စေပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK

# သီးခြားနေထိုင်သောဘဝ

ကမ္ဘာ့အဓိက ဘာသာကြီးအများစုမှာ 'သာသနာ့ဘောင်' (monasticism) အစဉ်အလာ ရှိကြသည်။ "Monasticism" ဆိုသည်မှာ 'တသီးတခြားနေထိုင်ခြင်း' ဟု အဓိပ္ပာယ်ရသည့် ဂရိစကားလုံးမှ ဆင်းသက်လာခြင်းဖြစ်သည်။ ဘုန်းတော်ကြီးများသည် လူ့အသိုင်းအဝိုင်းမှရှောင်ခွာပြီး သီးသန့်နေထိုင်ခြင်းကို ရွေးချယ်ကြသူများ ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့၏ဘဝကို ဘာသာတရားနှင့်နေထိုင်ရှင်သန်ရန် မြှုပ်နှံထားနိုင်ကြသည်။ ထိုသို့သောဘဝနေနည်းကို ရွေးချယ်ထားကြသော အမျိုးသမီးများကို သီလရှင်များဟု ခေါ်သည်။

ဘုန်းတော်ကြီးများနှင့် သီလရှင်အားလုံး သီးခြားနေထိုင်ကြသည် မဟုတ်ပါ။ အတော်များများမှာ အခြားဘုန်းတော်ကြီးများ၊ သီလရှင်များနှင့်အတူ ဘာသာရေး အသိုင်းအဝိုင်းများတွင် နေထိုင်ကြပါသည်။ အဆိုပါ ဘာသာရေးနေရာများကို ဘုန်းတော်ကြီးကျောင်းများ၊ သို့မဟုတ် သီလရှင်များအတွက် ကွန်ဗင့်များဟု ခေါ်သည်။ သာသနာ့ဘောင်တွင် ရှင်သန်သောဘဝမှာ ဆုတောင်းဝတ်ပြုခြင်း၊ တရားရှုမှတ်ခြင်းနှင့် အခြားဘာသာရေးကိစ္စများအပေါ်တွင် အာရုံစိုက်ထားရသည်။ ဘုန်းတော်ကြီးများနှင့် သီလရှင်များမှာ ဘုရားသခင်နှင့် တစ်သီးပုဂ္ဂလဆက်ဆံရေးကို တည်ဆောက်ခြင်းတွင် အာရုံစူးစိုက်ထားသည်မျိုးလည်း ဖြစ်နိုင်ပါသည်။ စိတ်ကို ဖြူစင်အောင်ထား၍ ပြီးပြည့်စုံသောအဖြစ်သို့ရောက်ရှိအောင် ကြိုးပမ်းအားထုတ်ခြင်းလည်း ဖြစ်နိုင်ပါသည်။

အချို့ဘုန်းတော်ကြီးများမှာ ရသေ့ရဟန်းများအဖြစ် မိမိတို့ဘာသာ သီးခြားနေထိုင်ကြသည်။ အချို့မှာ တစ်ဘဝလုံး တစ်နေရာမှတစ်နေရာ လှည့်လည်သွားလာနေကြသည်။ သို့သော် ဘာသာရေးအသိုင်းအဝိုင်းထဲတွင် နေထိုင်သည်ဖြစ်စေ၊ သီးသန့်တစ်ကိုယ်တော်နေထိုင်သည်ဖြစ်စေ ဘုန်းတော်ကြီးများနှင့် သီလရှင်



mgyoe.com

များ အားလုံးမှာ လူ့ဘောင်လောက၏ နှစ်သက်သာယာမှုများကို စွန့်လွှတ်ထား ကြရသည်။ အတော်များများမှာ ပိုင်ဆိုင်မှု မရှိ၊ ငွေကြေးပင် မရှိကြပါ။ အချို့မှာ သီလဆောက်တည်ခြင်း၊ သို့မဟုတ် မိမိ၏ခန္ဓာကိုယ်ကို ညှဉ်းပန်းခြင်း စသည်ဖြင့် မိမိ၏ စွမ်းရည်သတ္တိများကို စမ်းသပ်ဆောက်တည်ကြပါသည်။

ဘုန်းတော်ကြီးများနှင့် သီလရှင်များသည် အာရုံမထွေပြားစေရန် သီးခြား နေထိုင်သောဘဝကို ရွေးချယ်ကြသည်။ မိသားစုရှိနေခြင်းသည် မိမိဘဝကိုမြှုပ်နှံပြီး အချိန်များစွာပေးရန် လိုအပ်သဖြင့် အိမ်ရာထူထောင်ခြင်းမပြုဘဲ နေထိုင်ကြသည်။ သာသနာ့ဘောင်တွင်နေထိုင်သောဘဝမှာ ဘုရားသခင်အပေါ်တွင်လည်းကောင်း၊ မိမိယုံကြည်ရာဘာသာတရား၏ ပန်းတိုင်သို့ ရောက်ရှိရန်လည်းကောင်း များစွာ အာရုံစိုက်ထားနိုင်စေပါသည်။

ဘုန်းတော်ကြီးနှင့် သီလရှင်အတော်များများမှာ ၎င်းတို့ဝန်းကျင်ရှိ လောကီ ရေးရာများတွင် ပါဝင်ပတ်သက်နေကြပါသေးသည်။ ဥပမာ ဆရာ၊ ဆရာမများ၊ လူမှုဝန်ထမ်းများ၊ သာသနာ့ဝန်ထမ်းများ၊ သို့မဟုတ် လူနာပြုစုစောင့်ရှောက်သူများ အဖြစ် တာဝန်ထမ်းဆောင်နေကြသည်။ ရှေးအခါက ဘုန်းတော်ကြီးများမှာ စာပေ တတ်ကျွမ်းသူ လူနည်းစုထဲတွင် အပါအဝင်ဖြစ်ခဲ့သည်။ ထို့ကြောင့် ရေးသားပြုစု ထားသော ကမ္ဘာ့သမိုင်းနှင့် ယဉ်ကျေးမှုများကို စောင့်ရှောက်ထိန်းသိမ်းခြင်းကို တာဝန်ယူကြသူများ ဖြစ်သည်။

**သင်သိပါသလား**

အမေရိကန်ပြည်ထောင်စုရှိ ခရစ်ယာန် ဘုရားကျောင်းတစ်ကျောင်းမှာ ခွေးများကို လေ့ကျင့်ပေးခြင်းကို အထူးပြုထားသည်။ ထိုဘုရားကျောင်းရှိ ဘုန်းတော်ကြီးများမှာ ခွေးများနှင့် လူသားများကြား ဆက်သွယ်မှု၊ စည်းကမ်းနှင့် တာဝန်သိတတ်မှုတို့အပေါ် အာရုံစူးစိုက်မှုတို့မှာ ၎င်းတို့အတွက် ဝိညာဉ်ဆိုင်ရာ အထောက်အပံ့ဖြစ်စေသည်ဟု ယူဆကြသည်။

mgyoe.com SAMPLE BOOK

# ဇိုရိုအက်စထရီးယန်းဘာသာ





mgyoe.com

mgyoe.com SAMPLE BOOK

# သုစရိုက်နှင့် ဒုစရိုက်၊ ကောင်းမှုနှင့် မကောင်းမှုတို့၏ ထာဝရတိုက်ပွဲ

လွန်ခဲ့သော နှစ်ပေါင်း ၂,၇၀၀ ခန့်က ဇိုရိုအက်စတာ အမည်ရှိ ပုဂ္ဂိုလ်တစ်ဦး ပါးရှားပြည် (ယနေ့ အီရန်နိုင်ငံ) တွင် ရှိခဲ့သည်။ ထိုခေတ်အခါက လူများသည် နတ်ဘုရားများကို ကိုးကွယ်ခဲ့ကြသည်။ ဇိုရိုအက်စတာ၏ယုံကြည်မှုမှာ ထိုအတွေး အခေါ်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

ဇိုရိုအက်စတာက နတ်ဘုရားများ၏စွမ်းအားကို ငြင်းပယ်ပြီး အဟူရာမတ်ဇဒါ (အော်မတ်ဇ်ဒ်) ဆိုသည့် ဘုရားတစ်ဆူကိုသာ အထွတ်အထိပ်အဖြစ် ဂုဏ်ပြုသည်။ ဒုစရိုက်မှု၏စွမ်းအားကို သူက အာရီမန် ဟု အမည်ပေးသည်။ ဇိုရိုအက်စတာက ကမ္ဘာလောကို ဖန်ဆင်းခြင်း၏ရလဒ်အဖြစ် အရာနှစ်ခုကြားတွင် ရုန်းကန်ရခြင်းကို ဟောပြောသင်ကြားခဲ့သည်။ လောကကို ဖန်ဆင်းလိုက်သည်နှင့် ကမ္ဘာလောက တစ်ခုလုံးတွင် ကောင်းမှုနှင့် မကောင်းမှု (သုစရိုက်နှင့် ဒုစရိုက်)၊ အလင်းနှင့် အမှောင် တို့ကြား ပဋိပက္ခသည် ပါဝင်လာခဲ့သည်ဟု ဆိုသည်။ လူသားများသည် ကောင်းမှုနှင့် မကောင်းမှုကြားတွင် ပဋိပက္ခဖြစ်နေ၊ ရုန်းကန်နေကြရသည်။ လူသား တစ်ယောက် ကွယ်လွန်သွားပြီးနောက် ဝိညာဉ်သည် တံတားတစ်ခုကို ဖြတ်ပြီး ကောင်းကင်ဘုံ၊ သို့မဟုတ် ငရဲ တစ်နေရာရာသို့ ရောက်ရှိသွားသည်ဟု ဆိုပါသည်။

● ကလေးများသည် အသက် ၇ နှစ်နှင့် ၁၁ ကြားတွင် နာဗ်ဂျို့ ခေါ် အခမ်းအနားဖြင့် ဇိုရိုအက်စထရီးယန်းဘာသာသို့ သွတ်သွင်းခြင်းခံယူရသည်။ ပုံတွင် (အိန္ဒိယ ဇိုရိုအက်စထရီး ယန်း ဘာသာဝင်) ဖာရ်စီလူငယ်၏ နာဗ်ဂျိုပွဲတွင် ဘုန်းတော်ကြီးများက ကြီးကြပ်နေပုံကို မြင်တွေ့ရပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK

ဇိုရိုအက်စတာအယူဝါဒကို ယုံကြည်သက်ဝင်သူများက ကမ္ဘာလောကကြီး၏ သမိုင်းသည် အပိုင်းအခြားတစ်ခုတွင် နှစ်ပေါင်း ၃,၀၀၀ စီကြာမြင့်သော အပိုင်း ၄ ပိုင်း ရှိသည့် ကျယ်ပြန့်သောဖြစ်ရပ်ကြီးဖြစ်သည်ဟုလည်း ယုံကြည်ကြသည်။ ပထမဆုံးအပိုင်းအခြား နှစ်ပေါင်း ၃,၀၀၀ ၏အဆုံးတွင် ကမ္ဘာလောကို ဖန်ဆင်းခဲ့သည်။ ဒုတိယအပိုင်းအခြားအဆုံးတွင် ထိုဖန်ဆင်းခြင်းကို ပျက်စီးစေမည့် အာရီမန် ရောက်ရှိလာခဲ့သည်။ တတိယမြောက် အပိုင်းအခြားအတွင်းတွင် အာရီမန်က အနိုင်ရခဲ့သည်။ သို့သော် ဖန်ဆင်းခြင်းထဲတွင် ပိတ်မိနေခဲ့ပြီး သူ့ဘာသာသူ ပျက်စီးခြင်းသို့ ဆိုက်ခဲ့သည်။ စတုတ္ထအပိုင်းအခြားတွင် ဇိုရိုအက်စတာ မွေးဖွားလာပြီး သူမှတစ်ဆင့် ကမ္ဘာမြေပေါ်သို့ ဘာသာရေး ရောက်ရှိလာခဲ့သည်။

ထိုအချိန်ကတည်းက နှစ်ပေါင်း ၁,၀၀၀ ကြာချိန်တိုင်းတွင် တမန်တော် တစ်ပါး ပေါ်လိမ့်မည်။ ထိုတမန်တော်များထဲမှ နောက်ဆုံးတမန်တော်က နောက်ဆုံး စီရင်ချက်ကို ချမှတ်ပြီး ကမ္ဘာလောကသစ်ကို ဆောင်ယူလာလိမ့်မည်(ဟုဆိုသည်)။

လွန်ခဲ့သော နှစ်ပေါင်း ၁,၄၀၀ လောက်က အစ္စလာမ်စစ်တပ်များက အီရန် နိုင်ငံကို ဝင်ရောက်သိမ်းပိုက်ခဲ့ကြသည်။ နောက်ဆုံးတွင် ဇိုရိုအက်စတာယုံကြည်သူများမှာ အီရန်ကိုစွန့်ခွာခဲ့ကြပြီး အိန္ဒိယနိုင်ငံ၊ ဘုံဘေမြို့ (ယခုအခါ မွန်ဘိုင်းဟုခေါ်သည်) အနီးဝန်းကျင်တွင် အခြေချနေထိုင်ခဲ့ကြသည်။ ထိုသူများမှာ ဖာရ်စီများဟု လူသိများလာကြသည်။ ဖာရ်စီများသည် ချမ်းသာကြွယ်ဝပြီး ပညာတတ်သော အသိုင်းအဝိုင်းတစ်ခု ဖြစ်လာခဲ့ကြပါသည်။

ဇိုရိုအက်စတာဘာသာ ယုံကြည်ကိုးကွယ်သူများ၏ ကျမ်းစာတော်မှာ 'အဗက်စတာ' ဖြစ်သည်။ သူတို့၏ဘုရားကျောင်းများတွင် အဓိကရှိနေသည်မှာ နေ့ရောညပါ အစဉ်အမြဲ မငြိမ်းအောင် ထွန်းညှိထားသည့် ဘာသာရေးမီးပင် ဖြစ်သည်။

**သင်သိပါသလား**

ဇိုရိုအက်စတာမှာ တစ်ခါတစ်ရံ နက္ခတ္တဗေဒနှင့်ပတ်သက်၍လည်း အသိအမှတ်ပြုခြင်းခံရသည်။ နက္ခတ္တဗေဒပညာရှင်များမှာ ကောင်းကင်ကိုကြည့်၍ ဖြစ်ရပ်များကို ရှေ့ဖြစ်ဟောခြင်း၊ လူများ၏အကျင့်စရိုက်ကို ဆုံးဖြတ်ခြင်းများ ပြုလုပ်ကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# ဂျူးဘာသာ



● ကမ္ဘာတစ်လွှားရှိ ဂျူးလူငယ်များမှာ ဘာသာသွတ်သွင်းခြင်း အခမ်းအနားကို ပြုလုပ်ကြသည်။ ထိုအခမ်းအနားကို ပြုလုပ်သော ဂျူးလူငယ်တစ်ဦး ဂျေရုဆလင်မြို့ အနောက်တံတိုင်းတွင် တိုရာကျမ်းကို သယ်ဆောင်လာပုံ။



mgyoe.com

mgyoe.com SAMPLE BOOK

# အစ္စရေးတို့၏ ဘာသာတရား

ဂျူးကျမ်းစာများအရ တစ်ဆူတည်းသော ဘုရားသခင်က ဂျူးလူမျိုး အားလုံး၏ ဖခင် အာဗြဟံ (အေဘရာဟမ်) ကို ''ငါကိုယ်တော် သင့်အတွက် ကြီးမြတ်သောနိုင်ငံတစ်နိုင်ငံ ဖန်ဆင်းပေးမည်''ဟု ပြောခဲ့သည်။ အတုံ့အလှည့် အားဖြင့် ထိုနိုင်ငံသည် ဘုရားသခင်အား ထာဝရနာခံရမည်ဟု ဆိုသည်။ အာဗြဟံ၏သား အိဇက် (အိုက်ဇက်) နှင့် မြေးဖြစ်သူ ယာကုပ် (ဂျက်ကော့ဘ်) တို့သည်လည်း ဂျူးလူမျိုးအားလုံး၏ ဖခင်များဖြစ်သည်ဟု ယူဆလက်ခံထားကြ သည်။ ဂျူးလူမျိုးတို့၏နိုင်ငံတော်မှာ အစ္စရေးဟု ဖြစ်လာခဲ့သည်။ ဘုရားသခင်က ယာကုပ်ကို ထိုအမည် (အစ္စရေး) ပေးခဲ့သည် (ဟု ဆိုသည်)။

နောက်ပိုင်းတွင် အစ္စရေးလူမျိုးများ အီဂျစ်နိုင်ငံတွင် သုတ်သင်ခံရသောအခါ မောရှေ (မိုးဇက်) အမည်ရှိ ခေါင်းဆောင်က အစ္စရေးလူမျိုးတို့ကို လွတ်မြောက် စေခဲ့ပြီး ဂျူးများကို နေရာသစ်ဆီသို့ ပို့ဆောင်ပေးခဲ့သည်။ ထိုအရပ်ဒေသသို့ သွားစဉ် ဂျူးတို့က ဘုရားသခင်၏ပညတ်တော်များကို လိုက်နာပါမည်ဟု ဘုရား သခင်နှင့် ကတိကဝတ်ပြုခဲ့ကြသည်။

ဤအကြောင်းအရာများကို (ခရစ်ယာန် ဓမ္မဟောင်းကျမ်းစာဟု ထင်ရှား သော) ဟီဘရူးကျမ်းစာထဲတွင် ရေးသားထားပါသည်။ ဟီဘရူးကျမ်းစာ၏ အရေး အပါဆုံး အခန်းမှာ တိုရာ (မောရှေအကြောင်း ပထမကျမ်း ၅ စောင်* ဟုလည်း ခေါ်ကြသည်) ဖြစ်သည်။

ဂျူးယောက်ျားလေးတစ်ယောက် အသက် ၁၃ နှစ်ပြည့်လျှင် တိုရာကျမ်းကို ပရိသတ်ရှေ့မှောက်တွင် ဖတ်ပြရသည်။ ထိုသို့ဖတ်ပြီးသောအခါ ''ပညတ်တော် များ၏ သားတော်'' ဖြစ်လာသည်။ မိန်းကလေးများမှာ အသက် ၁၂ နှစ်ပြည့်ပြီး နောက် အရွယ်ရောက်ခြင်းအခမ်းအနား ပြုလုပ်ကြသည်။

---

( * ကမ္ဘာဦးကျမ်း၊ ထွက်မြောက်ရာကျမ်း၊ ဝတ်ပြုရာကျမ်း၊ တောလည်ရာကျမ်း၊ တရားဟောရာကျမ်း)



mgyoe.com

mgyoe.com SAMPLE BOOK



ဟန်နူကာပွဲတော်၌ မီးထွန်းညှိပူဇော်နေစဉ်

ဂျူးတို့သည် ဝတ်ကျောင်းတော်တွင် ဝတ်ပြုကြသည်။ ဝတ်ပြုခြင်းမှာ သမ္မာကျမ်းစာဖတ်ရှုခြင်း၊ ဆုတောင်းပတ္ထနာပြုခြင်းနှင့် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းခြင်းများ ပါဝင်သည်။ ဂျူးလူမျိုးတို့၏ အဓိက အားလပ်ရက်များမှာ ယွမ်ကစ်ပူးရ်၊ ရော့ရှ်ဟိုရှန်နာ၊ ဟန်နူကာနှင့် အီဂျစ်ပြည်၌ ကျွန်ဘဝမှလွတ်မြောက်ခြင်း အထိမ်းအမှတ် ဘာသာရေးပွဲတော်နေ့တို့ ဖြစ်သည်။

ဂျူးဝါဒသည် ဘာသာရေးအစဉ်အလာနှင့် ထုံးဓလေ့များစွာကို နှစ်ပေါင်းထောင်ချီပြီး ထိန်းသိမ်းထားကြသည်။ ၁၉၈၄ ခုနှစ်တွင် ဂျူးတို့၏ဇာတိမြေအဖြစ် နိုင်ငံသစ်တည်ထောင်ရာတွင်ပင် ရှေးဟောင်းအမည် အစွဲရေးကို ယူခဲ့ကြသည်။ သို့သော် ယနေ့အခါတွင် ဂျူးဝါဒဂိုဏ်းခွဲများ ရှိနေပါပြီ။ ရှေးရိုးဂျူးများက ရှေးရှေ့ဘိုးဘေးဘီဘင်တို့လက်ထက်ကအတိုင်းပင် ဝတ်ဆင်၊ စားသောက်၊ နေထိုင်၊ ဝတ်ပြုကြဆဲ ဖြစ်သည်။ အစဉ်အလာသမားများကလည်း ထိုရှေးရိုးဂျူးများနှင့် အတော်များများတူညီသော်လည်း အလွန်အမင်း မတင်းကျပ်သောစည်းမျဉ်းများကို လိုက်နာကျင့်သုံးကြသည်။ ပြုပြင်ပြောင်းလဲရေးသမားများကတော့ နေ့စဉ်ဘဝတွင် လုံးဝမတင်းကျပ်သော စည်းမျဉ်းများနှင့် နေထိုင်ကြပြီး ပို၍ခေတ်မီလာကြပါသည်။

**သင်သိပါသလား**

ဂျူးအများအပြားမှာ "ကိုရှာ"ကို ထိန်းသိမ်းကြသည်။ အစားအစာနှင့်ပတ်သက်သည့် အထူးဥပဒေသကို လိုက်နာသည်ဟု အဓိပ္ပာယ်ရသည်။ အစားအစာကို မည်သို့ပြင်ဆင်ရမည်၊ တချို့သောအစားအစာများကို တွဲဖက်စားသောက်နိုင်သည်၊ တချို့ကို လုံးဝမစားသောက်နိုင် ဆိုသည်တို့အတွက် တင်းကျပ်သောစည်းကမ်းများ ရှိသည်။



mgyoe.com

mgyoe.com SAMPLE BOOK

# အာဗြဟံ



● ခါနန် (ကေးနန်) အရပ်သို့ ရောက်သောအခါ အာဗြဟံ၏အသက်သည် ၇၅ နှစ် ရှိပြီ ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

# နိုင်ငံများစွာတို့၏ ဖခင်ကြီး

သမ္မာကျမ်းစာ၏ ပထမကျမ်းစာမှာ အာဗြဟံ (အေဘရာဟမ်) အကြောင်းဖြစ်သည်။ ထိုဂုဏ်ပြုထိုက်သောခေါင်းဆောင်ကြီး အာဗြဟံမှာ ဂျူးများ၊ ခရစ်ယာန်များနှင့် မွတ်စလင်များ၏ အဓိကဘာသာရေးအစဉ်အလာများတွင် အရေးပါသည်။

သမ္မာကျမ်းစာအရ ဘုရားသခင်သည် တစ်နေ့သ၌ အာဗြဟံထံ လာရောက်ပြီး ''ငါကိုယ်တော် သင့်အတွက် ကြီးမြတ်သောနိုင်ငံတစ်နိုင်ငံ ဖန်ဆင်းပေးမည်''ဟု ပြောခဲ့သည်ဟု ဆိုသည်။ ဘုရားသခင်က အာဗြဟံကို မက်ဆိုပိုတေးမီးယား (ယနေ့ခေတ် အီရတ်နိုင်ငံ) ရှိ နေအိမ်ကို စွန့်ခွာပြီး အာဗြဟံနှင့် သားစဉ်မြေးဆက်တို့ ပိုင်ဆိုင်ရမည်ဖြစ်သော နေရာသစ်ဆီသို့ ပြောင်းရွှေ့လော့ဟု အမိန့်ပေးခဲ့သည်။

အာဗြဟံသည် အသက် ၇၅ နှစ်တွင် ဇနီးသည် စာရာ၊ အခြားအဖော်အချို့နှင့်အတူ ခရီးစတင်ထွက်ခဲ့သည်။ သူတို့သည် ခါနန် (ကေးနန်) ဟု ထင်ရှားသည့် ''သုခဘုံ''သို့ ရောက်ရှိခဲ့ကြသည်။ ထိုအရပ်မှာ ယနေ့ခေတ် အစ္စရေးနိုင်ငံပင် ဖြစ်ပါသည်။

အာဗြဟံနှင့် စာရာတို့မှာ ထိုနေရာတွင် အခြေချရန် လွန်စွာအိုမင်းနေကြပေပြီ။ သူတို့မှာ ကလေးမရနိုင်တော့ဟု တွေးခဲ့ကြသည်။ ထို့ကြောင့် စာရာက အာဗြဟံနှင့် ကလေးရစေရန် ဟာဂရ (ဟာဂါ) အမည်ရှိ ကျွန်မကို ပေးခဲ့သည်။ ဟာဂရက အိရှမေလ (အစ်ရှ်မေးလ်) ဆိုသည့် သားယောကျ်ားလေး မွေးဖွားခဲ့သည်။ သို့သော် ဘုရားသခင်က အာဗြဟံနှင့် စာရာတို့ကို သူတို့ကိုယ်ပိုင် သားသမီး ရစေ့မည်ဟု ကတိပြုလိုက်သည်။ အာဗြဟံ အသက် ၁၀၀၊ စာရာ အသက် ၉၀ တွင်ပင် သားယောကျ်ားလေး မွေးဖွားခဲ့သည်။ ထိုကလေးမှာ အိဇက် (အိုက်ဇက်) ဟု အမည်တွင်ခဲ့သည်။ နောက်ပိုင်းတွင် စာရာက ဟာဂရနှင့် အိရှမေလတို့ကို သဲကန္တာရထဲတွင် နေထိုင်စေရန် မောင်းထုတ်ခဲ့သည်။ ထို့ကြောင့် အိရှမေလမှာ အာရပ်လူမျိုးများ၏ အဦးအစဖြစ်သည်ဟု အတော်များများက ယူဆခဲ့ကြပါသည်။



mgyoe.com

ဘုရားသခင်က အာဗြဟံ၏ယုံကြည်မှုကို စမ်းသပ်သည့်အနေနှင့် အိဇက်ကိုသတ်၍ ပူဇော်ရန် အမိန့်ပေးခဲ့သည်။ အာဗြဟံမှာ စိတ်ပျက်လက်ပျက်ဖြစ်သွားသော်လည်း ဘုရားသခင်၏အမိန့်တော်ကို နာခံရန် အသင့်ရှိနေခဲ့သည်။ သို့သော် ဘုရားသခင်က ရပ်တန့်စေခဲ့ပြီး အာဗြဟံ၏ ယုံကြည်နာခံမှုကို အသိအမှတ်ပြုတော်မူကာ အာဗြဟံနှင့် သူ၏သားစဉ်မြေးဆက်တို့ကို ကောင်းချီးပေးတော်မူခဲ့သည်။ အိဇက်မှာ သူ့ဖခင်ကွယ်လွန်ပြီးနောက် 'သုခဘုံ'ကို အမွေဆက်ခံကာ ဂျူးလူမျိုးအားလုံးတို့၏ ဖခင်ကြီးအဖြစ် ယူဆသတ်မှတ်ခြင်းခံခဲ့ရပါသည်။

အာဗြဟံသည် အသက် ၁၇၅ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ပြီး ဇနီးဖြစ်သူ စာရာ၏နံဘေးတွင် မြှုပ်နှံသင်္ဂြိုဟ်ခဲ့သည်။ အာဗြဟံမှာ ခရစ်ယာန်များ၊ ဂျူးများနှင့် မွတ်စလင်များ၏ လေးစားဂုဏ်ပြုမှုကို ခံယူနေရဆဲပင် ဖြစ်သည်။ အာဗြဟံကို ၎င်းတို့ကိုးကွယ်သော ဘာသာတရားများ၏ ဖခင်အဖြစ်လည်းကောင်း၊ ကြီးမြတ်သော တမန်တော်တစ်ပါးအနေနှင့်လည်းကောင်း ဂုဏ်ပြုနေကြဆဲပင် ဖြစ်ပါသည်။

**သင်သိပါသလား**

အစ္စလာမ်အစဉ်အလာအရ အေဘရာဟမ်သည် သူ၏သား အစ်ရှ်မေးလ်၏ အကူအညီဖြင့် အမြင့်မြတ်ဆုံးမွတ်စလင်ကျောင်းတော်ဖြစ်သည့် ကားဘာကို တည်ဆောက်ခဲ့သည်ဟုဆိုသည်။ ဆော်ဒီအာရေးဘီးယားနိုင်ငံ၊ မက္ကာမြို့ရှိ ဗလီကြီး၏အလယ်ဗဟိုတည့်တည့်တွင် ဖြစ်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

# မောရှေ



● မောရှေ၏အကြောင်း များစွာမသိရချေ။ သမ္မာကျမ်းစာလာ ဖြစ်ရပ်တစ်ခုအကြောင်း ရေးဆွဲထားသော ဤပုံတွင် ဖာရော၏သမီးတော်က နိုင်းမြစ်တွင်မျောပါလာသော ခြင်းတောင်းထဲက မောရှေကလေးကို တွေ့ခဲ့ပြီးနောက် ပွေ့ချီထားပုံကို သရုပ်ဖော်ထားသည်။



mgyoe.com